# ၁၉၉၀ ရွေးကောက်ပွဲမှ ၂၀၁၀ ရွေးကောက်ပွဲသို့

ဗိုလ်မှူး အောင်လင်းထွဋ်

ကျွန်တော့်အနေဖြင့် အခုတစ်လော ပြည်တွင်းပြည်ပမှာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး စိတ်ကူးယဉ်နေသူများကို ယခင် အတွေ့အကြုံနဲ့ ယခုလက်ရှိ နေပြည်တော်လို့ခေါ်တဲ့ ကြပ်ပြေးမြို့တော်က သူငယ်ချင်းများရဲ့ ပေးပို့နေတဲ့ သတင်းများကိုအခြေခံကာ သုံးသပ်တင်ပြချင်ပါတယ် ။

၁၉၈၈ ခု စက်တင်ဘာလ (၁၈)ရက်နေ့ နံနက်ပိုင်းမှာ AD လမ်းမှာနေတဲ့ ဗိုလ်ချုပ်နေဝင်းရဲ့ အိမ်တွင် ပြုလုပ်ခဲ့သော အရေးပေါ်အစည်း အဝေးတစိတ်တပိုင်းကို အရင်ဦးဆုံးပြောပြချင်ပါတယ်။ အဲဒီအစည်းအဝေးမှာ ဦးနေဝင်းနဲ့ သူ့ရဲ့ လက်ရုံးတင်မယ့် လက်သားတွေဖြစ်ကြတဲ့ ဦးစန်းယု၊ ဦးအေးကို၊ ဒေါက်တာမောင်မောင်၊ ဗိုလ်ချုပ်ကြီး သူရကျော်ထင် အပါအဝင်ထိပ်ပိုင်းခေါင်းဆောင်များရှိခဲ့ကြပါတယ် ။

လက်ရှိတပ်မတော်ရဲ့ တာဝန်ရှိသူတွေထဲမှာ ထိုစဉ်က စစ်ဦးစီးချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညွှန့်တို့လည်း တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ဦးနေဝင်းကနေပြီး "စောမောင်နဲ့ ခင်ညွှန့် တိုင်းပြည်ရဲ့အခြေအနေကို အားလုံးသိအောင်ရှင်းပြ" လို့ အမိန့်ပေးတော့ ဗိုလ်မှူးကြီးခင်ညွှန့်က တနိုင်ငံလုံး ဆူပူအုံကြွပြီး အုပ်ချုပ်ရေးယန္တရား လုံးဝရပ်ဆိုင်းနေပြီဖြစ်တာရယ်၊ ကုန်သွယ်ရေး ဝန်ကြီးရုံးမှာ ပြည်သူလူထုနဲ့စစ်တပ် နားလည်မှုရသွားတာရယ်၊ တပ်မတော်တွင်းမှာ စစ်သည်များမကြေမနပ်ဖြစ်ပြီး ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတာတွေ၊ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်များရဲ့ လှုပ်ရှားမှုတွေ၊ ဖမ်းဆီးရမိမှု အခြေအနေ အလုံးစုံကို တင်ပြခဲ့တယ်လို့သိရပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဦးနေဝင်းက ဗိုလ်မှူးကြီးခင်ညွှန့်ရဲ့ တင်ပြချက်အပေါ် တက်ရောက်နားထောင်ကြတဲ့ အစိုးရ ခေါင်းဆောင်များရဲ့ သဘောထားကိုမေးခဲ့ပါတယ်။ မည်သူတစ်ဦး တစ်ယောက်ကမျှ ထုံးစံအတိုင်း ဘာသဘောထားမှတ်ချက်ကိုမှ ဦးနေဝင်းရဲ့ရှေ့မှာ မပေးရဲခဲ့ကြပါဘူး။ ဒီတော့ ဦးနေဝင်းက မဆလပါတီနဲ့ ပတ်သက်ပြီး ပြည်သူလူထု ထောက်ခံမှု၊ ဘယ်လောက်ရာနှုန်းလောက် ရှိနိုင်လဲဆိုတာ ကိုတက်ရောက်လာတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုမေးတော့ သူတို့က အဲဒီအချိန်မှာ တပ်မတော်သားတွေကို သူတို့ရဲ့ထောက်ခံမဲလို့ အပိုင်တွက်ထားပုံပေါ်ပါတယ်။ ဒါကြောင့် တပ်မတော်မိသားစုနဲ့ မဆလပါတီဝင်အင်အားစုတွေကို ပေါင်းပြီးတော့ ပြည်သူလူထု ထောက်ခံမှု အနည်း ဆုံး ၆၀%အထက်မှာ ရှိကြလိမ့်မည်လို့ တွက်ခဲ့ကြပါတယ်။

အဲဒီနောက် ဦးနေဝင်းက အဲဒီ အစည်းအဝေးမှာ လက်ရှိအာဏာယူထားတဲ့ လူကြီးတွေကို "မင်းတို့ စောမောင်နဲ့ ခင်ညွှန့်တို့ကို အာဏာလွှဲပေးလိုက်တော့"လို့ အမိန့်ပေးခဲ့ပါတယ်။ ဆက်လက် ညွှန်ကြားတာကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဆိုပြီး ဖွဲ့ဖို့ရယ် ဥက္ကဋ္ဌက စောမောင်၊ အတွင်းရေးမှူးက ခင်ညွှန့်ကိုထားပြီး တပ်မတော်က ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ စစ်တိုင်းမှူးတွေကို အဖွဲ့ဝင်တွေထားပြီးဖွဲ့ဖို့ ဦးနေဝင်းက အမိန့်ပေးခဲ့ပါတယ်။ အာဏာလွှဲယူပြီး စစ်အစိုးရဲ့ကြေငြာချက် လမ်းညွှန်မှုအနေနဲ့ကတော့ ဒို့တာဝန် အရေးသုံးပါးကို အခြေခံပြီး ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပမည်ဆိုတဲ့ (Guide Line)အား ဦးနေဝင်းက အဲဒီအစည်းအဝေးမှာ ချမှတ်ပေးခဲ့ ပါတယ်။

ဦးနေဝင်းရဲ့ Guide Line တွေကို စာသားအဖြစ်ရေးပေးခဲ့ရသူက ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ပြည်သူလူထုထံ ပြောကြားသည့် ကြေငြာချက်ကို အဲဒီအစည်းအဝေးမှာဘဲ ဒေါက်တာ မောင်မောင်က လက်ရေးမူနဲ့ရေးသားခဲ့ပါတယ်။ နဝတ ဖွဲ့စည်းတာနဲ့ ပတ်သက်လို့ကတော့ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ဗိုလ်မှူးကြီး ခင်ညွန့်တို့က အဲဒီအစည်းအဝေးမှာဘဲ ဘယ်သူတွေ ပါဝင်ဖွဲ့စည်းမည်ဆိုတာကို ဦးနေဝင်းကို တင်ပြခဲ့ကြတယ်လို့သိရပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ လက်ရေးမူတွေနဲ့ ရေးထားတဲ့စာရွက်တွေကို ထိုစဉ်က တပ်မတော်ဆက်သွယ်ရေး ညွှန်ကြားရေးမှူးဗိုလ်မှူးကြီး မျိုးသန့်(နောင် ပြန်ကြားရေးဝန်ကြီး) ဒုတိယတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (နောင်ဘဏ္ဍာရေး ဒုတိယဝန်ကြီး)တို့ (၂)ဦးက မြန်မာ့အသံကို သွားရောက်ပြီး စက်တင်ဘာလ(၁၈)ရက်နေ့ ညနေ(၄)နာရီမှာ နိုင်ငံတော်ကို ထုတ်ပြန် ကြေငြာခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အမိန့်ကြေငြာချက်တွေ ဆက်တိုက်ထုတ်ပြန်လာပြီး နိုင်ငံရေးသမားတွေနဲ့ ပြည်သူလူထုတွေကို ဆူပူဆန္ဒပြနေရာက ရွေးကောက်ပွဲလမ်းကြောင်းပေါ် တင်ပေးခဲ့ပါတယ်။ အဲဒီအချိန်က ဗိုလ်ချုပ်ကြီးစောမောင် အနေနဲ့ အမှန်တကယ်ဘဲ ရွေးကောက်ပွဲပြီးရင် ပြည်သူလူထုကို အာဏာလွှဲပေးမယ်ဆိုတာကို တရားဝင်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့သိသလောက် ဗိုလ်ချုပ်စောမောင် အဲဒီအချိန်က ယုံကြည်ခဲ့တာက တစညနဲ့စစ်တပ်ကို ထောက်ခံတဲ့ နိုင်ငံရေးပါတီတွေ သည်ရွေးကောက်ပွဲမှာ ရှုံးရင်တောင်မှ အပြတ်အသက် မရှုံးနိုင်ဟု လျော့တွက်ခဲ့ပါတယ်။ ဒါကြောင့်လဲ ရွေးကောက်ပွဲကို သမာသမတ်နဲ့ လုပ်ဖို့ လက်အောက်ကို အမိန့်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး စောမောင် မသိတာကတော့ တစညပါတီကို ပြည်သူတွေ ဘယ်လောက်မုန်း တီးနေတယ်ဆိုတာနဲ့ တစညအမတ်လောင်းတွေ(Golf) ရိုက်ပြီး စည်းရုံးရေးဆင်းနေတာတွေကိုပါ။

ဒီ့အပြင် ဗိုလ်စောမောင်ဟာ ဦးနေဝင်းနဲ့အစည်းအဝေးမှာ သူ့ရဲ့ ဆရာသမား မဆလ ခေါင်းဆောင်တွေရဲ့ ပြောစကားတွေကို ယုံကြည်မိခဲ့တာတွေကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်စစ်တပ်ကို ကျောထောက်နောက်ခံလုပ်မဲ့ အစိုးရကသာ အာဏာရလိမ့်မယ်လို့ သူ့အနေနဲ့ လျော့တွက်ခဲ့ပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါဘဲ။ ၁၉၉၀ ရွေးကောက်ပွဲပြီးတော့ နဝတ တဖွဲ့လုံး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ခဲ့ကြပါတယ်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ကြတယ်။

ဒီအထဲမှာ ရွေးကောက်ပွဲမှာနိုင်တဲ့အမတ်အချို့က စစ်တပ်ကို ပြုပြင်ပြောင်းလဲရမယ်၊ အရေးအခင်းမှာ ပြည်သူတွေကို သတ်ခဲ့သူတွေ ဖေါ်ထုတ်အရေးယူရမယ်၊ စစ်တပ်တွင်းမှာလဲ ဗိုလ်မှူးကြီးအဆင့်နဲ့ အထက်ပုဂ္ဂိုလ်များကို ဖယ်ရှားပစ်ရမယ်၊ စတဲ့အချက်တွေကိုကြွေး ကြော်လာခဲ့တာတွေ့ရှိလာပါတယ်။ စစ်တပ်အတွင်းမှာလဲ တပ်မတော်ရဲ့ အနာဂါတ် ဘယ်လိုဖြစ်လာနိုင်မလဲဆိုတာကို စိုးရိမ်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ကိုလဲ ကျန်တဲ့ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် နဝတအဖွဲ့ဝင်တချို့က ဖိအားပေးလာခဲ့တာ တွေ့ရှိရပါတယ်။ အဲဒီအချိန်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ပုဂ္ဂိုလ်ရေးအရ ပိုမိုရင်းနီးတဲ့ ဗိုလ်ချုပ်ချစ်ဆွေ၊ ဗိုလ်ချုပ်ဖုန်းမြင့်၊ ဗိုလ်ချုပ်မောင်မောင်ခင် (ရေ)၊ ဗိုလ်ချုပ်တင်ထွန်း(လေ)၊ ဗိုလ်ချုပ်မြင့်အောင်၊ ဗိုလ်ချုပ်ထွန်းကြည်၊ ဗိုလ်ချုပ်ကျော်ဘာ၊ ဗိုလ်ချုပ်မောင်အေး၊ ဗိုလ်ချုပ်တင်ဦးတို့ရဲ့ ဖိအားကိုလည်း ဗိုလ်ချုပ်ကြီးစောမောင်ရခဲ့ပါတယ်။ ဒါကြောင့်လည်း ဗိုလ်ချုပ်ကြီးစောမောင် အရက်တွေ ဖိသောက်လိုက်၊ ပုတီးစိပ်လိုက်နဲ့ ဂယောင်ချောက်ခြား ဖြစ်ခဲ့ရပါတယ်။

NLDကလည်း ရွေးကောက်ပွဲနိုင်တဲ့ အမတ်တွေစုပြီး စစ်တပ်ကိုအာဏာလွှဲပေးဖို့ ဂန္ဒီခမ်းမမှာစုဝေးပြီး တောင်းဆိုမယ့် ကြေငြာချက်စာတမ်းတွေ ထုတ်မယ်လို့ သတင်းတွေလည်း ရခဲ့ပါတယ်။ နောက်ဆုံးတော့ NLD ကို

အာဏာလွှဲမပေးဖို့ ဗိုလ်ချုပ်သန်းရွှေနဲ့ အပေါင်းအပါတွေ သဘောထားတင်းမာတဲ့သူတွေရဲ့တောင်းဆိုချက်ကို ဗိုလ်ချုပ်ခင်ညွန့်တို့ပါ ပူးတွဲပြီး ဗိုလ်ချုပ်ကြီးစောမောင်ကို တင်ပြလာတဲ့အခါမှာတော့ NLD ကို အာဏာလွှဲမပေးဖို့နဲ့ ရွေးကောက်ပွဲနိုင်အမတ်တွေဟာ အခြေခံဥပဒေအသစ်ရေးဆွဲဖို့သာ ဖြစ်တယ်ဆိုတဲ့ နဝတရဲ့၁/၉၀ ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲကတိကို လွယ်လွယ်လေး လက်နဲ့ရေးပြီး ခြေနဲ့ဖျက်ခဲ့တာကို အားလုံးအမှတ်ရလိမ့်မယ် ထင်ပါတယ်။ ၁၉၉၀ခုနှစ် ရွေးကောက်ပွဲရဲ့ သင်ခန်းစာကို ဗိုလ်ချုပ်ကြီးသန်းရွှေကောင်းကောင်းကြီး ရရှိခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်လဲ ရွေးကောက်ပွဲမှာ ကတိဖျက်ခဲ့ရတာရယ်၊ လက်အောက်က လုပ်ဖော်ကိုင်ဖက်များရဲ့ Pressure တွေရယ်၊ ပြည်တွင်းနိုင်ငံရေးအင်အား စုတွေရဲ့Pressure တွေရယ်၊ ပြည်ပနိုင်ငံများရဲ့ Pressure တွေရဲ့ဒဏ်ကို အကြီးအကျယ်ခံခဲ့ရပြီး နောက်ဆုံး ယဉ်ယဉ်လေးနဲ့ ရှုံးခဲ့ရတဲ့ အရှုံးတပိုင်းလို ဖြစ်သွားခဲ့ရပါတယ်။

အဲဒီတုန်းက ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင် ဗိုလ်ချုပ်သန်းရွှေဘက်ကို ဘက်ပြောင်းခဲ့ပြီး ဗိုလ်ချုပ်ကြီးစောမောင်ဖယ်ရှားရေးကို တိုးတိုးတိတ်တိတ် ကြိတ်ပြီး စီစဉ်ခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာဘဲ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ၁၉၉၀ ရွေးကောက်ပွဲကို တသားတည်း ဥပက္ခာပြု ဖယ်ရှားခဲ့ပါတယ်။ နောက် ဗိုလ်ချုပ်ကြီးသန်းရွှေတက်လာပြီး အမျိုးသားညီလာခံဆိုတဲ့ နိုင်ငံရေးခေါင်းစဉ်တပ်ကာ နိုင်ငံရေးပါတီတွေနဲ့ ပြည်သူလူထုကို လှည့်စားခဲ့ပြန်ပါတယ်။ လက်နက်ကိုင် တိုင်းရင်းသားတွေကို ဟိုလိုလို ဒီလိုလိုလုပ်ပြီး နိုင်ငံရေးလှည့်ကွက်အမျိုးမျိုးနဲ့ အယုံသွင်းခဲ့တယ် ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ သတိပေးချင်ပါတယ်။

ဒီနေ့ ၂၀၁၀ ရွေးကောက်ပွဲကို ရှေ့တန်းကအော်နေရှာတဲ့ ကိုအေးလွင်(၈၈ကျောင်းသား)နဲ့ အဖွဲ့တွေကို အကျဉ်းကျနေစဉ် ထောက်လှမ်း ရေးအဖွဲ့တွေက ကြိမ်ဖန်များစွာနားချ စည်းရုံးမှုနဲ့အတူ အမျိုးသားညီလာခံဆိုတာကြီးကို ဘုမသိဘမသိ အချိန်ကတည်းက သဘောတရား ရိုက်သွင်းနိုင်ခဲ့ပါတယ်။ NLD ဖြိုခွဲရေးဆိုတဲ့ Plan အရလည်း NLD ထဲက မိုးလင်း၊ ကြည်ဝင်းတို့ အဖွဲ့တွေကို ထောက်လှမ်းရေး အဖွဲ့တွေကဘဲ ဖွဲ့ထုတ်စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ယနေ့ ထောက်လှမ်းရေး ပျောက်သွားပေမဲ့ ဒီအဖွဲ့တွေကတော့ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့(Psy War) မှာ အသုံးချဖို့ လက်ကွက် ကျန်ရစ်နေဆဲပါ။

ပြည်ပမှာဆိုရင် နိုင်ငံခြားသားတွေနဲ့ ပေါက်ရောက်တဲ့ အထူးသဖြင့်အနောက်နိုင်ငံတွေကို ထိုးဖောက် ဝင်ရောက်နိုင်မဲ့ ဒေါက်တာကျော်ရင်လှိုင်တို့၊ ဒေါက်တာဇာနည်တို့အား ထောက်လှမ်းရေးကဘဲ အသိမဲ့သတင်းပေး Unconscious Informer အဖြစ် သုံးခဲ့သလို ယခုလဲ ဒေါက်တာကျော်ရင်လှိုင် အပါအဝင် English လို ဘိုလိုပြောနိုင်တဲ့သူတွေကို အများကြီး ပြန်လည်အသုံးချနေတာတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ နအဖရဲ့ စည်းရုံးမှုကို ခံသွားရရှာသော အေးလွင်ကို ကျွန်တော့်အနေနဲ့ ပြောချင်တာက ယခင်၊ ယခု အသုံးချနေတဲ့သူတွေကို မျိုးချစ်စိတ်ဓာတ်တွေသွင်းပြီး ထင်ရောင်ထင်မှားဖြစ်စေမဲ့ အကြောင်းအရာများကိုအခြေခံကာ မြှောက်ပင့်ပေးလိုက်သည့်အတွက် Brain Wash လုပ်ခံရမှန်းမသိ လုပ်ခံလိုက်ရတာကို သတိထားစေချင်ပါတယ်။ အဲဒီသူတွေကိုယ်တိုင်ကတော့ သူတို့ကိုယ်သူတို့မသိ ဖြစ်နေပါတယ်။ ဒါကြောင့်သူတို့ကိုလည်း အမြင်မှန်တွေ ပြန်ရအောင် Brain Wash ပြန်လုပ်ပေးဖို့လိုလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒါကြောင့်ယနေ့ နေပြည်တော်ကနေ သတင်းပေးပို့လာတဲ့ အတွင်းသတင်း တစ်ခုကိုအသိပေးချင်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခင်၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ မဖြစ် စေရန်၊ (Plan)များ ရေးဆွဲထားတယ်လို့သိရပါတယ်။ ၂၀၁၀ခုနှစ်ရွေးကောက်ပွဲကို မဖြစ်မနေလုပ်မှာဖြစ်ပါတယ်။ *(A Plan ) အနေနဲ့ကတော့ ရွေးကောက်ပွဲမှာ စစ်တပ်ထောက်ခံတဲ့ အုပ်စုက ပြတ်ပြတ်သားသား နိုင်ခဲ့မည်ဆိုလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနေဖြင့် အစိုးရဖွဲ့၍ အာဏာလွှဲပြီးပါက ၎င်းအနေဖြင့် တရုတ်နိုင်ငံက

ခေါင်းဆောင် တိန့်ရှောင်ပိန်၊ အီရန်နိုင်ငံက ဘာသာရေးခေါင်းဆောင် အယာတိုလာ ခိုမေနီတို့လို၊ ရှိနေမည် ဖြစ်ပြီး နေရာတိုင်း၊ အစိုးရအဖွဲ့ကို ဂင်စွက်တော့မည်မဟုတ်ပါ။

*(B Plan) အနေနဲ့ကတော့ ရွေးကောက်ပွဲမှာ စစ်တပ်ထောက်ခံတဲ့သူများ ပြတ်ပြတ်သားသားမနိုင်ခဲ့ရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့အတူ လက်ရှိ SPDC (သို့) အလားတူ စစ်ကောင်စီတစ်ခုသည် အစိုးရ၏ နောက်ကွယ်တွင် ရှိနေမည် ဖြစ်ပါတယ်။ ဥပမာအနေဖြင့် မြောက်ကိုးရီး ယားကျူးဘားနိုင်ငံတို့လို၊ ယခင် မဆလဥက္ကဌ ဦးနေဝင်းလိုပုံစံမျိုးဆက်ရှိသွားမည်ဖြစ်ပါတယ်။

*(C Plan)အနေဖြင့် ရွေးကောက်ပွဲမှာ စစ်တပ်ထောက်ခံသူများ ရှုံးနိမ့်ခဲ့ပါက နောက်တစ်ကြိမ် စစ်တပ်က အာဏာပြန်သိမ်းဖို့ဆိုပြီး Plan(၃)ခု ရေးဆွဲထားပြီးဖြစ်တယ် ဆိုတာကို သိရပါတယ်။

ဒီ Plan တွေမတိုင်မီ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေမှနေ၍ နိုင်ငံတကာမှာရှိတဲ့ နိုင်ငံတွေရဲ့ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းတွေကို သတင်းစုဆောင်းပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ရုံးကို အစီရင်ခံခဲ့ရပါတယ်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေကိုရေးဆွဲဖို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမျိုးသားညီလာခံ ဗဟိုကော်မတီဝင်၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းညွှန့်ကို တိုက်ရိုက် လမ်းညွှန်ပြီး ရေးခိုင်းတယ်လို့သိရပါတယ်။ ၂၀၀၈ ခုမကုန်မီ ဦးသောင်းညွှန့်ကိုယ်တိုင် အချောသတ်ပြီး ဗိုလ်ချုပ်ကြီး သန်းရွှေထံ လက်မှတ်ထိုးဖို့တင်ပြထားတယ်လို့သိရပါတယ်။

မူလက ၂၀၀၉ ခုနှစ် ဇန်နဂါရီ လွတ်လပ်ရေးနေ့မှာ Election Law ထုတ်ဖို့လက်အောက်က စီစဉ်ခဲ့ပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခွင့်မပြုခဲ့ဘူးလို့ သိရပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရုံးကထွက်လာတဲ့ သတင်း အရကတော့ ရွေးကောက်ပွဲမတိုင်မီ (၆)လလောက် လိုမှ အမိန့်ထွက်မယ်။ ပါတီတွေကို လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်အောင် အချိန်ကန့်သတ်ထားတာ ဖြစ်တယ်။ ဒီ့ပြင် စစ်တပ်ထောက် ခံမည့် ကြံ့ဖွံ့အပါအဝင်အခြား နိုင်ငံရေးပါတီတွေအပေါ် လက်ရှိအခြေအနေကို အားမရသေးဘူးလို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှတ်ချက်ပြု ထားကြောင်း သိရပါတယ်။ ဒါကြောင့်ဒီအဖွဲ့တွေကို ရက်တိုနိုင်ငံရေးမွမ်းမံသင်တန်းတွေပေးဖို့ ကြံ့ဖွံ့ဝန်ကြီး တွေကို ဆူပူနေတယ်လို့သိရပါတယ်။

နိုင်ငံတကာနဲ့ ပတ်သက်ရင်တော့ ဗိုလ်ချုပ်သန်းရွှေအနေနဲ့ နာဂစ်မုန်တိုင်းအပြီး ပြုလုပ်ခဲ့တဲ့ ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေသစ်ကို အနောက်နိုင်ငံတွေက လက်ခံလာအောင်လုပ်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ထောက်လှမ်းရေးအဖွဲ့ တွေကို Pressure ပေးနေတယ်လို့ သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲပြီးသွားပေမဲ့ နိုင်ငံတကာရဲ့ အသိအမှတ် ပြုမှုမရဘူးဆိုရင် ဘယ်လိုအစိုးရမျိုးဘဲ ပေါ်လာပေါ်လာ ထူးခြားမှု မရှိနိုင်ဘူးဆိုတာကို ဗိုလ်ချုပ်သန်းရွှေအနေနဲ့ သဘောပေါက်တယ်လို့ သိရပါတယ်။ဒါပေမဲ့ သူ့အနေနဲ့ မထူးဇာတ်ခင်းပြီး ဖြစ်ချင်ရာဖြစ် ဆိုတာမျိုးလည်း လုပ်သွားနိုင်တယ်လို့ နေပြည်တော် ဗိုလ်ချုပ်မှူးကြီးရုံးက ထွက်လာတဲ့သတင်းတွေအရ သိရပါတယ်။ ယခု နောက်ဆုံးရတဲ့သတင်းကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်တော့မှ အာဏာကို လက်လွှတ်မှာမဟုတ်၊ သေရင်တောင် သရဲဘဝကနေ အာဏာကို ယူထားမှာဟု ငှင်းနှင့်နီးစပ်သော ဆွေမျိုးအသိုင်းအဝိုင်းက တဆင့် သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အားလုံးနားလည်ထားရမှာကတော့ ၂၀၁၀ ရွေးကောက်ပွဲရဲ့ရလဒ်ဟာ ကျွန်တော်တို့ ခင်ဗျားတို့ မြန်မာနိုင်ငံအတွက် ဘာတစ်ခုမှ အကျိုးဖြစ်ထွန်းလာမှာမဟုတ်ဘူး ဆိုတာကို သေသေချာချာနားလည်ထားစေချင်ပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ သာမန်အရပ်သူ အရပ်သားများတင်မကပါဘူး။ တပ်မတော်သားများအားလုံးလည်း ကျေးကျွန်ဘဝကို ရောက်နေကြရတာပါ။ ဒီဖွဲ့စည်းပုံ၊ ဒီရွေးကောက်ပွဲနဲ့ ဆက်လက်သွားနေလို့ကတော့ "ကျွန်"

ဘဂကလွတ်မြောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံကို စစ်ကျွန်ပြုမည့် ဒီဖွဲ့စည်းပုံ အခြေခံဥပဒေ ဒီရွေးကောက်ပွဲကို လက်မခံဖို့ လိုပါတယ်။ဒါကြောင့် ကျွန်တော်တို့ အားလုံးအနေနဲ့ မြန်မာနိုင်ငံကို တကယ် ဂုဏ်သိက္ခာရှိရှိနဲ့ နိုင်ငံတကာမှာ မြန်မာလူမျိုးရယ်လို့ ဖြစ်စေချင်ရင် လက်ရှိစစ်အစိုးရကို ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ၊ တိုင်းရင်းသားလူမျိုးတွေရယ်၊အတိုက်အခံအင်အားစုတွေရယ်၊ လယ်သမား၊ အလုပ်သမားများရဲ့ ကိုယ်စားလှယ်တွေရယ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ ဖိုင်းဂန်းဖိအားပေးဖို့ လိုပါတယ်။ ဒီလိုဖိအားကို အားလုံး တက်ညီ လက်ညီသာ လုပ်ပေးမည်ဆိုလျှင် တပ်မတော်တွင်းမှာရှိ နေသောပုဂ္ဂိုလ်များလည်း၊ ပါဂင်လာနိုင်လိမ့်မည် ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြချင်တာကတော့ စစ်တပ်အတွင်းမှာလည်း မြန်မာနိုင်ငံကောင်းကျိုးအတွက် ပြုလုပ်ချင် နေတဲ့ အစုအဖွဲ့တစ်ခု ရှိကိုရှိနေပါတယ်။ ကျွန်တော်တို့ အားလုံးသာ သဘောထားကွဲတာတွေ တခြားကိစ္စတွေကို ဘေးဖယ်ထားပြီး "ကျွန်တော်တို့ နိုင်ငံအတွက်" ဆိုတဲ့ ဦးတည်ချက်တစ်ခုထားကာ ညီညီညွတ်ညွတ် စုပေါင်း လိုက်ကြရင် စစ်တပ်ထဲကလည်းပါဂင်လာပါလိမ့်မယ်။ ၂၀၁၀ ရွေးကောက်ပွဲကြီးဟာ ကျွန်တော်တို့ လိုချင်တဲ့ ပုံစံမျိုး၊ ရွေးကောက်ပွဲဖြစ်လာလိမ့်မယ်ဆိုတာ၊ တင်ပြလိုက်ရပါတယ်။

"ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊လိမ်လည်လှည့်ဖျားမှုကိုသတိပြုကြပါ"

* (ဆောင်းပါးသည် တနစ်ကျော်ကရသော သတင်းအပေါ် အခြေခံထားသော်လည်း နအဖသည် ဆက်လျှောက်နေဆဲဖြစ်သည်။)

............................................................